# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုကြသည့် နယ်စပ်ဒေသများပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခြေပြစာချုပ်

(နောင်တွင် စာချုပ်ဝင်နှစ်နိုင်ငံဟုခေါ်ဆိုမည့်) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ပြည်ထဲရေးဝန်ကြီးဌာနတို့သည် ၁၉၉၇ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော တရုတ်-မြန်မာနယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန်အလို့ငှာ၊ နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရေးတို့၌ ပူးပေါင်းလျက် အားဖြည့်ဆောင်ရွက်ရန်၊ နယ်စပ်ဒေသများ၏ လုံခြုံရေးနှင့်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရာတွင် အတူတကွပူးပေါင်းဆောင်ရွက်ရန်၊ နယ်စပ်ဒေသများတွင်နေထိုင်ကြသည့် နှစ်နိုင်ငံ ပြည်သူများ၏ စားဝတ်နေရေးနှင့် အပြန်အလှန် လည်ပတ်မှုများအား လွယ်ကူချောမွေ့စေနိုင်သည့် ငြိမ်းချမ်း၍ချစ်ကြည်စွာ တည်ရှိသော နယ်စပ်ဒေသအဖြစ် ထူထောင်လိုသည့်ဆန္ဒကို အကောင်အထည်ဖော်ရန် ဟူသော ရည်ရွယ်ချက်များဖြင့် အောက်ပါအတိုင်း သဘောတူကြသည်-

## အပိုဒ် (၁)

ဤအခြေပြစာချုပ်တွင်-

(၁) "နိုင်ငံအဆင့်နယ်စပ်ဒေသဆိုင်ရာကိုယ်စားလှယ်များ" ဟူသည့် စကားရပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနရှိ နယ်စပ်ထိန်းချုပ်ရေးဌာန တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဆိုလိုသည်။

(၂) "သီးခြားအုပ်ချုပ်ခွင့်ရရှိသော ပြည်နယ်နှင့်ပြည်နယ်အဆင့်နယ်စပ်ဒေသဆိုင်ရာ ကိုယ်စားလှယ်များ၊ ဒုတိယကိုယ်စားလှယ်များ" ဟူသည့် စကားရပ်သည် ယူနန်ပြည်နယ်၏ ပြည်နယ်အဆင့် နယ်စပ်ဒေသအဆင့် ထိန်းချုပ်ရေးဗျူရိုရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဆိုလိုသည်။

(၃) "ကောင်တီ(မြို့)အဆင့်နှင့်မြို့နယ်(ခရိုင်)အဆင့် နယ်စပ်ဒေသဆိုင်ရာ ကိုယ်စားလှယ်များ၊ဒုတိယကိုယ်စားလှယ်များ" ဟူသည့်စကားရပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် နယ်စပ်ဒေသများရှိ ကောင်တီ(မြို့)၏ ပြည်သူ့လုံခြုံရေးနယ်စပ်ဌာနခွဲမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နယ်စပ်ဒေသများရှိမြို့နယ်(ခရိုင်) ၏ တာဝန်ရှိပုဂ္ဂိုလ်များအား ဆိုလိုသည်။

(၄) "ဆက်သွယ်ရေးအရာရှိ" ဟူသည့်စကားရပ်သည် ရှေ့တန်းစစ်ဆေးရေးစခန်းများမှတာဝန်ရှိပုဂ္ဂိုလ်များအားဆိုလိုသည်။

(၅) "နယ်နိမိတ်ဖြတ်ကျော်မှုခင်းဆိုင်ရာလုပ်ရပ်များ" ဟူသည့် စကားရပ်သည် မှောင်ခိုကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးများ၊ လက်နက်များ၊ ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များအား တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် အထူးသဖြင့်အမျိုးသမီးများနှင့်ကလေးများအပါအဝင် လူကုန်ကူးခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဓါးပြတိုက်ခြင်း၊ လူသတ်ခြင်း၊ မုဒိမ်းပြုကျင့်ခြင်း၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်းစသည့် မှုခင်းလုပ်ရပ်များအား ဆိုလိုသည်။

## အပိုဒ် (၂)

၁။ ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေရန်အတွက် စာချုပ်ဝင်နှစ်နိုင်ငံ၏နယ်စပ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာအာဏာပိုင်များသည် နယ်စပ်ဒေသကိုယ်စားလှယ်များနှင့် ဆက်သွယ်ရေးအရာရှိများပါရှိသောဆက်သွယ်မှုစနစ်အဆင့် ၃ ဆင့်ကိုအောက်ပါအတိုင်းဖွဲ့စည်းထူထောင်ရမည်–

(၁) နိုင်ငံအဆင့်နယ်စပ်ဒေသကိုယ်စားလှယ်များ။ ၎င်းတို့အားပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့မှ ရွေးချယ်ခန့်ထားရမည်။

(၂) သီးခြားအုပ်ချုပ်ခွင့်ရရှိသောပြည်နယ်နှင့်ပြည်နယ်အဆင့် နယ်စပ်ဒေသကိုယ်စားလှယ်များနှင့် ဒုတိယကိုယ်စားလှယ်များ။ ၎င်းတို့ကို အထက်အပိုဒ်ဖော်ပြပါ နိုင်ငံနယ်စပ်ဒေသကိုယ်စားလှယ်များက ရွေးချယ်ခန့်ထားရမည်။

(၃) ကောင်တီ(မြို့)နှင့် မြို့နယ်(ခရိုင်) နယ်စပ်ဒေသကိုယ်စားလှယ်များနှင့် ဒုတိယကိုယ်စားလှယ်များ။ ၎င်းတို့ကို အထက်ဖော်ပြပါ သီးခြားအုပ်ချုပ်ခွင့် ရရှိသော ပြည်နယ်နှင့် ပြည်နယ်အဆင့် နယ်စပ်ဒေသကိုယ်စားလှယ်များက ရွေးချယ် ခန့်ထားရမည်။

(၄) ဆက်သွယ်ရေးအရာရှိများ။ ၎င်းတို့ကို အထက်ဖော်ပြပါ ပြည်နယ်နှင့်ပြည်နယ် အဆင့်ကိုယ်စားလှယ်များက ရွေးချယ်ခန့်ထားရမည်။

၂။ တစ်ဖက်က ခန့်အပ်ခြင်းများ၊ တာဝန်မှ ဖယ်ရှားခြင်းများကဲ့သို့သော ပြောင်းလဲမှု တစ်စုံတစ်ရာပြုလုပ်သည့်အခါတိုင်း အခြားတစ်ဖက်သို့ အမည်စာရင်းအား စာဖြင့်ရေးသား အကြောင်းကြားရမည်။

## အပိုဒ် (၃)

အဆင့် ၃ ဆင့်ရှိ နယ်စပ်ဒေသကိုယ်စားလှယ်များနှင့် ဆက်သွယ်ရေးအရာရှိများ၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) စာချုပ်ဝင်နှစ်နိုင်ငံမှ နိုင်ငံအဆင့်နယ်စပ်ဒေသဆိုင်ရာကိုယ်စားလှယ်များသည် တရားဥပဒေစိုးမိုးရေး၌ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်း လုပ်ရပ်များအား တားဆီးနှိမ်နင်းရေး၊ ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးအား ထိန်းသိမ်းရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်အားလုံးအတွက် သင့်လျော်သည့်လုပ်ငန်း အစီအမံများအား ဆွေးနွေးလျက် ရေးဆွဲချမှတ်ရမည်၊

(၂) ပြည်နယ်နှင့်ပြည်နယ်အဆင့် နယ်စပ်ဒေသဆိုင်ရာ ကိုယ်စားလှယ်များသည် နိုင်ငံအဆင့်နယ်စပ်ဒေသကိုယ်စားလှယ်များက ချမှတ်သောဆုံးဖြတ်ချက်များကို ဆွေးနွေးညှိနှိုင်းလျက် အကောင်အထည်ဖော်ရမည်၊ ဒုတိယကိုယ်စားလှယ်များသည် ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်ခြင်းအား ကူညီရမည်၊ ကိုယ်စားလှယ်များက အကြောင်းအမျိုးမျိုးကြောင့် ၎င်းတို့တာဝန်များကို မဆောင်ရွက်နိုင်သည့်အခါ ကိုယ်စားပြုထမ်းဆောင်ရမည်၊

(၃) ကောင်တီ(မြို့)နှင့် မြို့နယ်(ခရိုင်)နယ်စပ်ဒေသ ကိုယ်စားလှယ်များသည် ပြည်နယ်နှင့် ပြည်နယ်အဆင့်နယ်စပ်ဒေသ ကိုယ်စားလှယ်များမှချမှတ်သောဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရမည်၊ ပုံမှန်ကိစ္စရပ်များကိုလည်း တာဝန်ယူလုပ်ဆောင်ရမည်၊ ဒုတိယကိုယ်စားလှယ်များသည် ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်ခြင်းအား ကူညီရမည်၊ကိုယ်စားလှယ်များကအကြောင်းအမျိုးမျိုးကြောင့်၎င်းတို့တာဝန်များကို မဆောင်ရွက်နိုင်သည့်အခါ ကိုယ်စားပြု ထမ်းဆောင်ရမည်၊

(၄) ဆက်သွယ်ရေးအရာရှိများသည်မြို့နယ်အဆင့်နယ်စပ်ဒေသကိုယ်စားလှယ်များနှင့်ဒုတိယကိုယ်စားလှယ်များကယုံကြည်စွာ ပေးအပ်သော လုပ်ငန်းရပ်များကိုအကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

## အပိုဒ် (၄)

စာချုပ်ဝင်နှစ်နိုင်ငံမှ ကိုယ်စားလှယ်များ၊ ဒုတိယကိုယ်စားလှယ်များ နှင့် ဆက်သွယ်ရေးအရာရှိများအကြား ဆက်သွယ်ရေးစနစ်၊ ဆွေးနွေးပြောဆိုမှုများနှင့် အစည်းအဝေးများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) အဆင့်လိုက် ကိုယ်စားလှယ်များ၊ ဒုတိယကိုယ်စားလှယ်များ နှင့်

ဆက်သွယ်ရေးအရာရှိများအကြား ဆက်သွယ်မှုများကို စာဖြင့်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ဆောင်ရွက် နိုင်သည်။ လိုအပ်ပါက သံတမန်လမ်းကြောင်းများမှတစ်ဆင့် ဆက်သွယ် ဆောင်ရွက်နိုင်သည်။

(၁) တစ်ဖက်၏ မေတ္တာရပ်ခံချက်ဖြင့် အဆင့်လိုက် ကိုယ်စားလှယ်များ၊ ဒုတိယကိုယ်စားလှယ်များနှင့် ဆက်သွယ်ရေးအရာရှိများသည် ပုံမှန်မဟုတ်သည့် တွေ့ဆုံဆွေးနွေးမှုများနှင့် အစည်းအဝေးများကို ကျင်းပနိုင်သည်။ တွေ့ဆုံဆွေးနွေးမှုများ၊ အစည်းအဝေးများကို သက်ဆိုင်ရာ နယ်ပယ်ဒေသအတွင်းတွင် အလှည့်ကျဆောင်ရွက်နိုင်ပြီးအိမ်ရှင်နိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ အိမ်ရှင်ဖက်က အခြားတစ်ဖက်သို့ အချိန်၊ နေရာ၊ ဆွေးနွေးမှုအစီအစဉ်များနှင့် ပါဝင်တက်ရောက်ကြမည့်သူများစာရင်းကို ကြိုတင်အကြောင်းကြားရမည်။

(၂) နှစ်နိုင်ငံစလုံးမှ ဆွေးနွေးမှုနှင့် အစည်းအဝေးမှတ်တမ်းတို့အား ရေးမှတ်ယူရမည်။ အစည်းအဝေး၌ သဘောတူညီကြသည့် အရေးကြီးကိစ္စရပ်များအား တရုတ်၊ မြန်မာ နှစ်ဘာသာဖြင့် မှတ်တမ်းပြုလျက် နှစ်ဖက်စလုံးမှ ကိုယ်စားလှယ်များက လက်မှတ် ရေးထိုးရမည်။

(၃) နိုင်ငံတကာခရီးသွားလာစရိတ်မပါဝင်စေဘဲ တွေ့ဆုံဆွေးနွေးမှုများနှင့် အစည်းအဝေးများအတွက် ကုန်ကျစရိတ်များအား အိမ်ရှင်နိုင်ငံဖက်မှ တာဝန်ယူကျခံရမည်။

(၄) စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ ပိုင်နက်အတွင်းဝင်ရောက်ရာတွင် နယ်စပ်ဒေသကိုယ်စားလှယ်များ၊ ဒုတိယကိုယ်စားလှယ်များနှင့် ဆက်သွယ်ရေးအရာရှိများသည် နိုင်ငံကူးလက်မှတ် သို့မဟုတ် နှစ်ဦးနှစ်ဖက်အပြန်အလှန် အသိအမှတ်ပြုထားသည့် ဖြတ်သန်းသွားလာခွင့်လက်မှတ်များ ယူဆောင်လာရမည်။

## အပိုဒ် (၅)

၁။ နှစ်နိုင်ငံအစိုးရများအကြား လက်မှတ်ရေးထိုးချုပ်ဆိုထားသည့် နယ်နိမိတ်ဆိုင်ရာသဘောတူညီမှုများ၊ နယ်နိမိတ်ဖြေရှင်းရေးစာချုပ်စာတမ်းများနှင့်အညီ နယ်စပ်လုံခြုံရေး ကိစ္စရပ်များ၌ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ကြရမည်။

၂။ နှစ်ဦးနှစ်ဖက်တို့သည် နယ်နိမိတ် အမှတ်အသားမှတ်တိုင်များအား ကာကွယ်စောင့်ရှောက်ရန်၊ ဖယ်ရှားခံရခြင်း၊ ဖျက်ဆီးခံရခြင်းနှင့် ပျက်စီးယိုယွင်းခြင်း တို့ဘေးမှ တားဆီးကာကွယ်ရန်အတွက် အစီအမံများ ဆောင်ရွက်ရမည်။ ဖယ်ရှားခံထားရသော၊ ဖျက်ဆီးခံထားရသော၊ပျက်စီးယိုယွင်းနေသော မည်သည့် မှတ်တိုင်မဆို တစ်ဖက်ဖက်မှ တွေ့ရှိပါက အခြားတစ်ဖက်သို့ အဆောလျင်ဆုံး အကြောင်းကြားရမည်။

၃။ စာချုပ်ဝင်နစ်နိုင်ငံစလုံးသည် နယ်နိမိတ်မျဉ်းရှင်းလင်းမှုရှိစေရေး၊ တူးမြောင်းများ၊ မြောင်းများ၊ ကွင်းနံ့ဘေးစပ်များ၊ မြေလွှာကြောများကြောင့် နယ်နိမိတ်မျဉ်းအား ပျက်စီးစေနိုင်ခြင်းမှ တားဆီးကာကွယ်ရေး အစီအမံများအားဆောင်ရွက်ရမည်။

၄။ နယ်နိမိတ်မျဉ်းအား ကာကွယ်ရန်နှင့် လွယ်လင့်တကူ ထင်ရှားမြင်သာမှု ရှိစေရန်၊ နယ်နိမိတ်မျဉ်းတစ်လျှောက် ၁၀ မီတာအတွင်း မည်သည့်အဆောက်အအုံမျိုးမဆို ဆောက်လုပ်ခြင်းမှ တားဆီးကာကွယ်ရန်အလို့ငှာ၊ စာချုပ်ဝင်နစ်နိုင်ငံသည် ၎င်းတို့အား အပ်နှင်းထားသည့် တာဝန်များနှင့်ဝတ္တရားများ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ နယ်နိမိတ်မျဉ်းရှင်းလင်းပြတ်သားမှုထိပါးစေနိုင်သည့် ပြဿနာကို ဖြေရှင်းနိုင်မည့် ဆွေးနွေးညှိနှိုင်းမှုများအား ကျင်းပပြုလုပ်ရမည်။

## အပိုဒ် (၆)

စာချုပ်ဝင်နစ်နိုင်ငံသည် နယ်စပ်ဒေသတစ်လျှောက်တွင်ပုံမှန်ဖြတ်သန်းခွင့်အား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တရားမဝင် ဝင်ရောက်ခြင်းအား တားဆီးကာကွယ်ရန် အောက်ဖော်ပြပါ အစီအမံများအား လုပ်ဆောင်ထားရမည်–

(၁) နယ်စပ်ဒေသများရှိ သတ်မှတ်ထားသည့် နယ်စပ်ဝင်/ထွက်နေရာများ သို့မဟုတ် ယာယီဖြတ်သန်းခွင့်ပြုထားသော နေရာများတွင် နှစ်ဖက်စလုံးမှ ရှေ့တန်းစစ်ဆေးရေး ရုံးများ ဖွင့်လှစ်ထားရှိရမည်။

(၂) (အခြားသဘောတူညီချက်များနှင့်ခွင့်ပြုချက်ရရှိထားသည့်လူပုဂ္ဂိုလ် နှင့် သယ်ယူပို့ဆောင်ရေးယာဉ်များမှအပ) မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် သယ်ယူပို့ဆောင်ရေးယာဉ်ကိုမဆို သတ်မှတ်ချိန် ကျော်လွန်ပါက ဖြတ်သန်းသွားလာခွင့် မပြုစေရ။

(၃) တရားဝင်နယ်စပ်ဖြတ်သန်းခွင့်မပါဘဲ ဖြတ်သန်းခြင်းများ၊ တရားဝင် ဖွင့်လှစ်ထားသောနေရာများ သို့မဟုတ် ယာယီဖြတ်သန်းခွင့်ပြုထားသော နေရာများမှမဟုတ်ဘဲ ဖြတ်သန်းခြင်းများ၊ သတ်မှတ်ခွင့်ပြုချိန်အတွင်းမဟုတ်ဘဲ ဖြတ်သန်းခြင်းများအား တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်းများအဖြစ် သတ်မှတ်ရမည်။

(၄) တရားမဝင် ဝင်ရောက်လာသူများအား ပြည်နှင်ရာတွင် နှစ်ဦးနှစ်ဖက်စလုံးမှ ပူးပေါင်းဆောင်ရွက်ရမည်။ ပြည်နှင်ခြင်းမပြုမီ ပြည်နှင်ဒဏ်ပေးခံရသူ၏ အမည်၊ ဓါတ်ပုံ၊လိပ်စာစသည်များကို သက်ဆိုင်ရာနိုင်ငံဖက်သို့ပေးအပ်ရမည်။ အချက်အလက်များကို စိစစ်ပြီး သဘောတူညီမှုရခဲ့ပါက နှစ်ဦးနှစ်ဖက်သည် လွှဲပြောင်းပေးမည့်အချိန်နှင့်နေရာတို့ကို ဆုံးဖြတ်ရမည်။ လွှဲပြောင်းပြည်နှင်မည့်နေရာသည် တရားဝင် သတ်မှတ်ထားသောနေရာများ သို့မဟုတ် လမ်းကြောင်းများပေါ်တွင် အခြေခံရမည်။ ထိုပုဂ္ဂိုလ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား

လုပ်ထုံးလုပ်နည်းများနှင့်အညီ အခြားတစ်ဖက်သို့ လွှဲပြောင်းပေးအပ်ရမည်။

## အပိုဒ် (၇)

၁။ စာချုပ်ဝင်နှစ်နိုင်ငံသည် နယ်စပ်ဖြတ်ကျော် မှုခင်းကျူးလွန်သူများအား နှိမ်နင်းခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းတို့၌ သက်ဆိုင်ရာနိုင်ငံတို့၏ ပြည်တွင်းဥပဒေများ၊ နှစ်နိုင်ငံစလုံးမှအဖွဲ့ဝင်ဖြစ်ကြသည့် နိုင်ငံတကာသဘောတူညီချက်များနှင့်အညီတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရမည်။

၂။ စွပ်စွဲခံရသူ၊ မသင်္ကာသူ သို့မဟုတ် ရာဇဝတ်ကျူးလွန်မည့် အန္တရာယ်ရှိသူ တစ်ဦးသည် တစ်ဖက်၏နယ်စပ်သို့ ဖြတ်ကျော်လာပါက အခြားတစ်ဖက်သို့ ချက်ချင်းအကြောင်းကြားရမည်။

၃။ နယ်စပ်ဒေသတွင် အခြားတစ်ဖက်မှ စုံစမ်းထောက်လှမ်းလျက်ရှိသော ရာဇဝတ်သားများအားဖော်ထုတ်တွေ့ရှိရပါက ယင်းဖက်သို့ ချက်ချင်းအကြောင်းကြား ရမည်။ အခြားတစ်ဖက်မှ မေတ္တာရပ်ခံလာပါက ရာဇဝတ်သားအား ဖမ်းဆီးခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းကို ဆောင်ရွက်ပေးရမည်။

၄။ မိမိပိုင်နယ်မြေအတွင်းဖြစ်ပွားသော ပြစ်မှုကျူးလွန်မှုများကို ကိုင်တွယ်ဆောင်ရွက်ရသည့်အခါ မည်သည့်ဖက်၌မဆို စုံစမ်းဖော်ထုတ်မှုတွင် အခြားတစ်ဖက်၏ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်ပါက အခြားတစ်ဖက်မှ ပူးပေါင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံနိုင်သည်။

၅။ နယ်စပ်ဖြတ်ကျော်မှုခင်းများကို နှိမ်နင်းသည့်အခါ သီးခြားအုပ်ချုပ်ခွင့်ရ ပြည်နယ်နှင့် ပြည်နယ်အဆင့်ကိုယ်စားလှယ်များသည် မိမိတို့အား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အတွင်းမှ ကိုင်တွယ်ဆောင်ရွက်နိုင်သည်။ ထို့ထက်ကျော်လွန်သောကိစ္စရပ်များကို နိုင်ငံအဆင့် နယ်စပ်ဒေသကိုယ်စားလှယ်များ သို့မဟုတ် အကြီးအကဲများအား ကိုယ်စားပြု ပုဂ္ဂိုလ်များကသာ ကိုင်တွယ် ဆောင်ရွက်ရမည်။

၆။ အခြားတစ်ဖက်၏ နယ်စပ်ဒေသများလုံခြုံရေးနှင့်ငြိမ်ဝပ်ပိပြားရေးကိုအန္တရာယ် ဖြစ်စေနိုင်သော လက်ခံရရှိထားသည့် ထောက်လှမ်းရေးအချက်အလက်၊ သတင်းများအား နှစ်ဖက်စလုံးက တစ်ဖက်နှင့်တစ်ဖက် အကြောင်းကြားအသိပေးရမည်။

## အပိုဒ် (၈)

၁။ စာချုပ်ဝင်နှစ်နိုင်ငံကဤအခြေပြစာချုပ်အား သက်ဝင်လာစေရန် လိုအပ်သော ဥပဒေကြောင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအားဆောင်ရွက်ပြီးစီးကြောင်း စာဖြင့် အပြန်အလှန်

အသိပေးအကြောင်းကြားရမည်။ နောက်ဆုံးတစ်ဖက်မှ အသိပေး အကြောင်းကြားစာ ထုတ်ပြန်လိုက်သည့်နေ့ရက်မှ စတင်၍ ဤအခြေပြစာချုပ်မှာ အတည်ဖြစ်ရမည်။

၂။ ဤအခြေပြစာချုပ်သည် ၅ နှစ်ကာလအတွက်အတည်ဖြစ်ရမည်။ ဤစာချုပ် သက်တမ်း မကုန်ဆုံးမီ ၆ လကြိုတင်၍ စာချုပ်ဝင်နိုင်ငံတစ်ခုခုမှ စာဖြင့် စာချုပ်အား ရပ်စဲလိုကြောင်း မေတ္တာရပ်ခံခြင်းမပြုလျှင် ဤအခြေပြစာချုပ်သည် ၅ နှစ်ဆက်တိုက် ပြည့်သည့်အခါတိုင်း အလိုအလျောက် သက်တမ်းတိုးသွားရမည်။

၃။ ဤစာချုပ်ပါအချက်များသည် ၁၉၉၇ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော တရုတ်-မြန်မာ နယ်စပ်ဒေသများစီမံခန့်ခွဲရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ပါအချက်များနှင့် ရှေ့နောက်ညီညွတ်မှုမရှိပါက မူလသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကသာ လွှမ်းမိုးစေရမည်။

၄။ ဤအခြေပြစာချုပ်အား ၂၀၀၁ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မူရင်း ၂စုံ ဖြင့်ပြုလုပ်၍ တရုတ်ဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ရေးသား ချုပ်ဆိုပြီး၊ ယင်းစာမူသုံးခုစလုံး ထပ်တူထပ်မျှ တရားဝင်၍ မှန်ကန်မှုရှိသည်။ အဓိပ္ပါယ် ဖွင့်ဆိုရာတွင် ကွဲပြားခြားနားမှုရှိခဲ့ပါက အင်္ဂလိပ်စာမူသည် လွှမ်းမိုး၍ အတည်ဖြစ်ရမည်။

၅။ ရန်ကုန်မြို့တွင် ၂၀၀၁ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့၌ လက်မှတ်ရေးထိုး ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏
ကိုယ်စားလှယ်

唐家璇

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန၏
ကိုယ်စားလှယ်

